# ငြိမ်းချမ်းရေးအတွက် နွားစားခွက်ထဲမှ တောင်းဆိုငိုကြွေးသံကို ကမ္ဘာကြီး ကြားပါရဲ့လား

## ၂၀၁၆–ခရစ္စမတ်

ကမ္ဘာတစ်ဝန်းလုံးမှာ ပျော်စရာအချိန်ကာလကျရောက်လာပါပြီ။ လူသားမျိုးနွယ်ဟာလည်း မျှော်လင့်စိတ်နဲ့ ပေါင်းစည်းနေကြပါပြီ။ လူ့သမိုင်းတစ်လျှောက် အထူးမြတ်ဆုံးပွဲတွေထဲက ပွဲတော်တစ်ခုကို ကျွန်ုပ်တို့ကျင်းပနေကြ ပါတယ်။ သူငယ်တော်ဟာ ကျွန်ုပ်တို့အဖို့ ဖွားမြင်ခြင်းကို ခံတော်မူခဲ့တယ်။ သူ့ကို ဧမာနူအဲလ်လို့ ကင်ပွန်းတပ်လိုက်ကြပါတယ်။ သူဟာ ကျွန်ုပ်တို့နဲ့အတူရှိတော်မူတဲ့ဘုရားဖြစ်လို့ပါပဲ။

ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို အီးမေလ်းပေးပို့လိုက်တာမျိုးမဟုတ်သလို ဖေ့စ်ဘုတ်ပေါ်မှာ ပေါ်လာတာမျိုး လည်း မဟုတ်ပါဘူး။ ကျမ်းစာတော်မြတ်မှာ "အချိန်ကာလကျရောက်တဲ့အခါ ဘုရားသခင်ဟာ မိမိရဲ့သားတော်ကို စေလွှတ်ခဲ့တယ်" (ဂလာတိ ၄း၄)လို့ ဆိုထားပါတယ်။ ကျွန်ုပ်တို့နဲ့ဆုံတွေ့ဖို့အတွက် ဘုရားသခင်ဟာ သူ့ရဲ့သား တော်ကို စေလွှတ်လိုက်တာပါ။ တကယ်တမ်းပြောရရင် ကျွန်ုပ်တို့နဲ့ဆုံတွေ့ဖို့အတွက် ဘုရားသခင်ကိုယ်တော်တိုင် ဆင်းကြွလာခြင်းပါပဲ။ ရွှင်လန်းဝမ်းမြောက်ကြပါ။ ခရစ္စမတ်ဆိုတာ ကယ်တင်ခြင်းသတင်းကောင်းနဲ့ လွတ်မြောက် ခြင်းသတင်းကောင်းဖြစ်ပါတယ်။ ရွှင်လန်းဝမ်းမြောက်ကြပါ။

"သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ခရစ္စမတ်ဖြစ်ပါစေလို့" ကျွန်ုပ်ရဲ့ချစ်လှစွာသော ညီအစ်ကိုမောင်နှမများ နဲ့ မြန်မာပြည်သူပြည်သားအပေါင်းကို နှုတ်ခွန်းဆက်လိုက်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀၀၀)ကျော်ကို ကျွန်ုပ်တို့ပြန်ပြောင်းကြည့်တဲ့အခါ အရှေ့အရပ်မှာ ကြယ်တော်ပေါ် ထွန်းလာတာကို တွေ့ရပါတယ်။

ကောင်းကင်တမန်တော်တွေဟာလည်း "ဘုရားဘုန်းတော်ဘွဲ့တေးနဲ့ ကမ္ဘာမြေ အတွက် ငြိမ်းချမ်းရေးတေး"တို့ကို သီဆိုနေကြတာ တွေ့လိုက်ရပါတယ်။ ယနေ့ညမှာ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့မျှော် လင့်ခြင်းကြယ်တော်ပေါ်ထွန်းတာကို မြင်တွေ့ဖို့နဲ့ ကောင်းကင်တမန်တော် တွေရဲ့သတင်းစကားကို နားထောင်ဖို့ စုရုံးရောက်ရှိလာကြပါတယ်။ ဘုရားသခင်ရဲ့ဘုန်းတော်တိုးပွားဖို့နဲ့ ကမ္ဘာမြေငြိမ်းချမ်းဖို့ဆိုတဲ့ သတင်း စကားဟာ ကျွန်ုပ်တို့ရဲ့ဘဝနဲ့ မြန်မာပြည်ကြီးအတွက်တော့ သိပ်ကိုလက်တွေ့ကျတဲ့သတင်းစကားဖြစ်နေပါပြီ။

ယေရှုသခင်ဖွားမြင်ခြင်းမခံမီ ရှေးနှစ်ပေါင်းများစွာက ပရောဖက် ဟေရှာယ ကြိုတင်ဟောကြားခဲ့တဲ့ "မှောင် မိုက်ထဲမှာ သွားလာသောလူ များတို့သည် ကြီးစွာသောအလင်းကို မြင်ရ၏"ဆိုတဲ့ကျမ်း စကား အတိုင်း ကျွန်ုပ်တို့ဝမ်း မြောက်ပျော်ရွှင်ကြဖို့ စုရုံးရောက်ရှိလာ ကြပါတယ်။ သူငယ်တော်ဘုရားလေးဟာ မျှော်လင့်ချက်မဲ့တဲ့အမိုက်မှောင်၊ ဒုက္ခဆင်းရဲ အမိုက်မှောင်နဲ့ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ရေး၊ ကာယရေး ချို့တဲ့မှုအမိုက်မှောင် များကို ဖယ်ရှားပေးမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်ုပ်တို့ဟာ နွားတင်းကုပ်နားကို ချဉ်းကပ်ရောက် လာကြပါတယ်။
**ခရစ်တော်ဟာ မှောင်မိုက်မှာ ထွန်းလင်းတဲ့ ကယ်တင်ခြင်း အလင်းပါပဲ (ယော ၈း၁၂)။ ထိုအလင်းတော်ကို ရှိခိုးကိုးကွယ်ဖို့ အတွက် ကျွန်ုပ်တို့ရောက်လာကြပါပြီ။**

**နွားစားခွက်ထဲက သတင်းစကားက ဘယ်လိုသတင်းစကား မျိုးဖြစ်ပါ သလဲ။**

**ခရစ္စမတ်ကာလမှာ ကုန်ပစ္စည်းတွေရောင်းအားတက်ဖို့အတွက် စီးပွားရေးသမားတွေက မျိုးစုံလှည့်ဖြားနေ ကြပါတယ်။ အမေရိကန်နဲ့ စကော်ပူလိုနိုင်ငံတွေမှာ ခရစ္စမတ်ကာလဟာ ဈေးဝယ်ထွက်မှုအကြမ်း**

ဆုံးအချိန်တွေပါ။ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာတောင်မှ ခရစ္စမတ်လဟာ ဈေးဝယ်ထွက်တဲ့လအဖြစ် အလျင်အမြန်ပြောင်းလဲနေပါပြီ။ ခရစ္စမတ်သစ်ပင်၊ ဆန်တာကလော့စ်၊ ရောင်စုံအလှမီးများနဲ့ ခရစ္စမတ်အသုံးအဆောင်တွေဟာ နေရာအနှံ့ပါပဲ။ တစ်ခါတစ်ခါ ဈေးဝယ်စင်တာတွေကို ဖြတ်လျှောက်သွားရင် အဲဒီပစ္စည်းတွေကိုကြည့်ပြီး ကျွန်ုပ်တို့ရဲ့ ဘာသာခြား ညီအစ်ကိုမောင်နှမတွေအနေနဲ့ ဒါတွေကိုတွေ့ရင် ဘယ်လိုခံစားရမလဲလို့ တွေးကြည့်မိပါတယ်။ နိုင်ငံအတော်များများမှာ ခရစ်တော်ဟာ ခရစ္စမတ်ထဲကနေ ပျောက်ကွယ်နေပါပြီ။ ခရစ္စမတ်ကဒ်မှာဖြစ်ဖြစ်၊ ဈေးဝယ်စင်တာတွေမှာ ဖြစ်ဖြစ် မှနချသညဒျ ႉမနနအသညျခ၊ ဒါမှမဟုတ် ခံစေစပ ံသူငိပေခ လို့ပဲ ရေးကြပါတော့တယ်။

အသင်းတော်ဟာ ခရစ္စမတ်ပွဲတော်ကျင်းပရာမှာ ယေရှုသခင်နဲ့ ကိုယ်တော်ရှင်ရဲ့သတင်းကောင်း ပြန်လည် ပါဝင်ဖို့အတွက် ကြိုးစားနေရပါတယ်။ မြန်မာနိုင်ငံမှာလည်း ခရစ္စမတ်ရဲ့စစ်မှန်တဲ့အဓိပ္ပာယ် ပေါ်လွင်စေဖို့ဟာ သင်တို့တစ်ဦးစီအပေါ်မှာ မူတည်နေပါတယ်။ ခရစ္စမတ်လို့ ဆိုလိုက်တာနဲ့ စိတ်ကူးထဲမှာ ကြယ်တွေ၊ ရောင်စုံမီးတွေ၊ ခရစ္စမတ်သစ်ပင်တွေ၊ ဆန်တာကလော့စ်တွေပြေးမြင်ဖို့ မလိုအပ်ပါဘူး။

ခရစ္စမတ်ဟာ ကျွန်ုပ်တို့ကို တကယ့်ခရစ္စမတ်ဆီကို ခေါ်ဆောင်သွားပါစေ။ ကောင်းကင်တမန်တော်တွေ၊ သံဗူဇယ်ရဲ့အိပ်မက်တွေ၊ ဇာခရိရဲ့အိပ်မက်တွေ၊ သံဗူဇယ်နဲ့ မယ်တော်မာရိယာ ဘက်သလေဟင်ကို သွားတဲ့ခရီး၊ တည်းခိုဖို့နေရာရှာမရတာ၊ ခရစ်တော်ဟာ နွားတင်းကုပ်ထဲမှာ မွေးဖွားလာတာ၊ သိုးထိန်းတွေနဲ့ မင်းသုံးပါး စတဲ့

တကယ်ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို ပြန်မြင်ယောင်ကြည့်ပါ။ အဲဒီအချိန်ဟာ အစ္စရာအဲလ်တိုင်းပြည်ကို တိုင်းတစ်ပါးသားတွေအုပ်စိုးခြယ်လှယ်နေတဲ့အချိန်ဖြစ်ပြီး ရောမလူမျိုးနဲ့ ခရိုနီတွေဟာ တိုင်းပြည်ရဲ့သယံဇာတတွေကို လက်ဝါးကြီးအုပ်နေချိန်ပါပဲ။

သူတို့က ဘယ်လိုသတင်းစကားမျိုးကို ယူဆောင်လာပေးပါသလဲ။

အစ္စရာအဲလ်နိုင်ငံဟာ နိုင်ငံရေးအမှောင်နဲ့ ဝိညာဉ်ရေးအမှောင်ထဲ ကျရောက်နေချိန်မှာ ကောင်းကင် တမန်တော်တွေဟာ ရိုးရှင်းလှတဲ့သတင်းစကားကို ဆောင်ယူလာခဲ့ပါတယ်။ "ကမ္ဘာမြေပေါ် ငြိမ်သက်ခြင်းရှိပါစေ"။ ခရစ်တော်ဟာ ငြိမ်းချမ်းရေးအရှင်ဖြစ်ပါတယ်။

ဘုရားသခင်ဟာ သတင်းကောင်းဖြစ်ပါတယ်။ ဘုရားသခင်ဟာ လူတို့ရဲ့ထိခိုက်လွယ်တဲ့အနေအထားကို သိရှိတော်မူတဲ့အလျောက် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းလာခြင်းဖြစ်ပါတယ်။

ဘုရားသခင်ဟာ သတင်းကောင်းဖြစ်ပါတယ်။ ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ ကျွန်ုပ်တို့ ကို စွန့်ခွာမသွားတဲ့အတွက်ကြောင့်ပါပဲ။ ပထမအာဒံဟာ ဘုရားသခင်ကို ဆန့်ကျင်ခဲ့တယ်။ လူသားတွေဟာ အသက်အစား သေခြင်းကို ရွေးခဲ့ကြတယ်။ ဘုရားသခင်ဟာ လူသားတွေပျက်စီးဆုံးရှုံးမှာကို မလိုလားပါဘူး။ ရှင်ယောဟန်ဧဝံဂေလိကျမ်းမှာ *"ယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေ ခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ "(ယော ၃း၁၆)*လို့ ဆိုထားပါတယ်။ ဒီနေ့မှာ ကျွန်ုပ်တို့အသေအချာသိရမှာက ကျွန်ုပ်တို့ဟာ ရွှေငွေ ဥစ္စာအားဖြင့် မဟုတ်ဘဲ ကိုယ်တော်ရှင်ရဲ့ချစ်ခြင်းမေတ္တာတော်အားဖြင့်သာ ကယ်တင်ခြင်းရမယ်ဆိုတဲ့အချက်ပါပဲ။ သင်ဟာ စိတ်သောက ရောက်နေပါသလား။

ကြောက်ရွံ့နေပါသလား။ စိတ်အားငယ် နေပါလား။ စိုးရိမ်ပူပန်နေပါသလား။ ကောင်းကင်တမန်တော်တွေက "ကြောက်ရွံ့ခြင်းမရှိနှင့်။ ကယ်တင်ရှင်ဟာ သင်တို့အဖို့ ဘက်သလေဟင် မြို့မှာ ဖွားမြင်လေပြီ"လို့ ကြေညာခဲ့ပါတယ်။

သူငယ်တော်ယေရှုဟာ ကယ်တင်ရှင်သက်သက်မဟုတ်ဘဲ ကျွန်ုပ်တို့နဲ့ အတူရှိတော်မူတဲ့ဘုရားဖြစ်တယ် ဆိုတဲ့သတင်းစကားကိုပါ ယူဆောင်လာခဲ့ပါတယ်။ ကိုယ်တော်ဟာ အထက်ကောင်းကင်ဘုံမှာပဲ စံမြန်းနေပြီး ပရောဖက်တွေကို စေလွှတ်နေတဲ့ ဒဏ္ဍာရီထဲက ဘုရားမဟုတ်ပါဘူး။ ကိုယ်တော်ဟာ သင်နဲ့ ကျွန်ုပ်တို့အထဲမှာ ကိန်းဝပ်စံပယ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်ပါတယ်။ ကိုယ်တော်ဟာ ကျွန်ုပ်တို့နဲ့အတူ ရှိနေတယ် ဆိုတာကို ကောင်းစွာဖော်ပြခဲ့ပါတယ်။ ကိုယ်တော်ဟာ ဆင်းရဲဒုက္ခတွေကို ခံထမ်းခဲ့ပါတယ်။ ကျွန်ုပ်တို့အများစုလိုပဲ ဆင်းရဲတဲ့မိသားစုကနေ မွေးဖွားလာခဲ့ပါတယ်။ သူငယ်တော်ယေရှုမွေးဖွားလာတဲ့မိသားစုဟာ မြန်မာနိုင်ငံက မိသားစု အတော်များများလိုပဲ အာဏာမရှိတဲ့မိသားစု၊ အဆက်အသွယ်ကောင်းမရှိတဲ့မိသားစု၊ ဆင်းရဲတဲ့မိသားစု၊ ပြောင်းရွှေ့လာတဲ့မိသားစု၊ အိမ်ပိုင်ယာပိုင်မရှိတဲ့မိသားစု၊ တစ်နေ့လုပ်တစ်နေ့စားမိသားစု၊ မသေရုံတမည် စား သောက်နေရတဲ့ မိသားစုတွေနဲ့တူပါတယ်။ ခရစ်တော်ဟာ အဲဒီလိုမိသားစုမျိုးနဲ့ ရှင်သန်ကြီးပြင်းလာတာပါ။ ကိုယ် တော်ဟာ ဆင်းရဲချို့တဲ့တဲ့ဘဝမျိုးကို ရွေးချယ်ခဲ့ပါတယ်။ ဒါဟာ ကျွန်ုပ်တို့ဘဝရဲ့မောနူအဲလ်ပါပဲ။ ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို စွန့်မပစ်ရုံမျှမက ကျွန်ုပ်တို့အလယ်မှာပါ လာရောက်နေ ထိုင်ခဲ့ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့ရဲ့ ဝမ်းနည်းကြေကွဲမှုများနဲ့ ထိခိုက်နိုင်စရာအကြောင်းများကို သိရှိထားပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန်အတွက် ကြွလာခြင်းပဲဖြစ်ပါတယ်။

ဒါပေမဲ့ ခရစ္စမတ်ညမှာ ကောင်းကင်တမန်တော်တွေဆီက ကြားရတဲ့ အကောင်းဆုံးသတင်းကတော့ "မြေကြီးပေါ်၌လည်း စိတ်ကောင်းနှလုံး ကောင်းရှိသူတို့အား ငြိမ်သက်ခြင်းရှိစေသတည်း"ဆိုတဲ့စကားပါပဲ။ ကျွန်ုပ်အတွက်ကတော့ အဲဒီသတင်းစကားဟာ နှစ်စဉ်နှစ်တိုင်းအတွက် အဓိကခရစ္စမတ်သတင်းကောင်းပါပဲ။ ကျွန်ုပ်တို့ တစ်ဦးစီအတွက် အတွင်းစိတ် ငြိမ်သက်ခြင်း၊ ပူပန်သောကအားလုံးမှ ကင်းဝေးခြင်း၊ မိသားစုအတွင်း ငြိမ်းချမ်းခြင်း ကို ဆန္ဒပြုထားခြင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့တစ်ဦးစီနဲ့ မိသားစုတွေအတွက် ငြိမ်းချမ်းခြင်းသတင်းစကားအကြောင်း ပြောဆိုပြီးတဲ့အခါမှာ ကျွန်ုပ်တို့ရဲ့နိုင်ငံခေါင်းဆောင်တွေနဲ့ ကမ္ဘာတစ်ဝန်းက နိုင်ငံခေါင်းဆောင်တွေအတွက် ခရစ္စမတ်သတင်းစကားက ဘာဖြစ်မလဲဆိုတာကိုလည်း ထောက်ရှုကြဖို့ လိုပါတယ်။

ဘာဖြစ်လို့ ကောင်းကင်တမန်တော်တွေက "မြေကြီးပေါ်မှာ ငြိမ်သက်ခြင်းရှိစေသတည်း"လို့ သီဆိုအေး ကျူးခဲ့ကြတာလဲ။

ကမ္ဘာဟာ ဘယ်တုန်းကမှ ငြိမ်းချမ်းခြင်းမရှိခဲ့လို့ပါပဲ။ ကျမ်းစာအုပ်ကို လှန်လိုက်လို့ ပထမ လေးငါးမျက်နှာ လောက်မှာတင် သွေးထွက်သံယိုမှုကို တွေ့နေရပြီ။ ကာဣနက သူ့ညီ အာဗေလကို သတ်ခဲ့တယ်။ သမိုင်းဦးအစမှာ တင် သွေးဖုံးလွှမ်းနေခဲ့ပါပြီ။ တိရစ္ဆာန်တွေဟာ ထောင်နဲ့ချီပြီး မသတ်ဖြတ်ကြပါဘူး။ တောရိုင်းတိရစ္ဆာန်တွေဟာ သူတို့ဝမ်းမီးငြိမ်းတဲ့အခါမှာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ နေတတ်ကြပါတယ်။ လူသားတွေကတော့ အမြဲတစေ စစ်ပွဲတွေဖန်တီးနေကြပါတယ်။ သမိုင်းမှတ် တမ်းတင်မိသလောက် နှစ်ပေါင်း(၃၅၀၀)ကို ပြန်လှည့်ကြည့်တဲ့အခါမှာ စစ်ပွဲတွေမရှိဘဲ လူတွေငြိမ်းငြိမ်းချမ်းချမ်းနေတာ နှစ်ပေါင်း(၁၀၀) မပြည့်ဖူးခဲ့ဘူး။

လူသန်းပေါင်းများစွာ အသတ်ခံခဲ့ကြရတယ်။ (၂၀)ရာစုမှာဆိုရင်
(၁၃၅)သန်းအထိ သတ်ဖြတ်ခြင်းခံခဲ့ ကြရတယ်။ ဂျပန်နိုင်ငံကို
နျူကလီးယားဗုံးကြဲချခဲ့တယ်။ ဟစ်တာနဲ့ စတာလင်ကလည်း သန်းနဲ့ချီပြီး
သတ်ခဲ့တယ်။ တရုတ်မှာဆို မာအို၊ ကမ္ဘောဒီးယားမှာဆို ပိုပေါ့တို့ကလည်း
သန်းနဲ့ချီပြီး သတ်ခဲ့ကြတယ်။ သမိုင်းထဲက ထင်ပေါ်
ကျော်ကြားတဲ့ခေါင်းဆောင်တွေဟာ သူတို့လိုချင်တဲ့ပန်းတိုင်ရောက်ဖို့အတွက်
အသက်သွေးပေါင်းများစွာစတေး ခဲ့ကြတယ်။

မျက်မှောက်ခေတ်မှာဆိုရင်လည်း ဆီးရီးယားနဲ့ အီရတ်မှာ လူထောင်
ပေါင်းများစွာ အသတ်ခံနေကြရတယ်။ စစ်ပွဲလုပ်ငန်းကြီးဟာ အပြစ်မဲ့ပြည်
သူတွေရဲ့သွေးကို အငမ်းမရသောက်သုံးနေတယ်။ ချမ်းသာတဲ့နိုင်ငံတွေ
အတွက် ကတော့ စစ်ပွဲဆိုတာ ကြီးမားတဲ့စီးပွားရေး
လုပ်ငန်းကြီးတစ်ခုလိုပါပဲ။

ဘာဖြစ်လို့ ကျွန်ုပ်တို့ခေတ်ကာလမှာ ငြိမ်းချမ်းရေးပန်းတိုင်ကို
မရောက်နိုင်တာလဲ။ ပထမဆုံးအကြောင်း တရားကတော့ ကမ္ဘာမှာ
အမြစ်တွယ်နေတဲ့ လူမျိုးရေးဝါဒပါပဲ။ အဲဒီလူမျိုးရေးပြဿနာကို
မဖြေရှင်းမချင်း ဘယ် မြို့၊ ဘယ်ပြည်နယ်၊ ဘယ်နိုင်ငံမှာမှ
ငြိမ်းချမ်းရေးမရနိုင်ပါဘူး။ ကျွန်ုပ်တို့ကို အဓိကခြိမ်းခြောက်နေတာက
ဗုံးတွေ၊ သေနတ်တွေမဟုတ်ပါဘူး။ အဲဒီလူမျိုးရေးပြဿနာပါပဲ။
(၂၀)ရာစုအတွင်းမှာ လူမျိုးရေးပြဿနာလောက် လူတွေ ကို သေကြေစေတာ၊
ဖျက်ဆီးတာ၊ ထိခိုက်နာကျင်စေတာ၊ ဝေဒနာခံစားစေတဲ့အရာမရှိပါဘူး။
အဲဒီပြဿနာကို မချုပ်ငြိမ်းသရွေ့၊ ဘုရားသခင်ရဲ့မေတ္တာတော်
ကျွန်ုပ်တို့ဘဝမှာ မကြီးစိုးသရွေ့ ရခိုင်နဲ့ ကချင်ပြည်နယ်တွေမှာ
ငြိမ်းချမ်းရေးရဖို့ လမ်းမမြင်ပါဘူး။ လူသားတွေအတွက်
လူမျိုးရေးပြဿနာဟာ ဝိညာဉ်ရေးနဲ့ဆိုင်တဲ့ပြဿနာဖြစ်ပါ တယ်။ အဲဒါကို
ကျွန်ုပ်တို့က နည်းပေါင်းစုံနဲ့ ကာကွယ်ကြရမှာဖြစ်ပါတယ်။

ဒီလောကရဲ့လမ်းစဉ်က “ခွန်အားသုံးပြီး ငြိမ်းချမ်းရေးရယူတဲ့နည်း” ဖြစ်ပါတယ်။ လူတစ်ယောက်က အခြား တစ်ယောက်ကို ကာယ ပိုင်းအရဖြစ်စေ၊ စိတ်ဓာတ်ပိုင်းအရဖြစ်စေ၊ ငွေရေးကြေးရေးနဲ့ဖြစ်စေ၊ သူ့မှာရှိတဲ့ လက်နက် တစ်ခုခုနဲ့ဖြစ်စေ ခြိမ်းခြောက်သိမ်းသွင်းလေ့ရှိပါတယ်။ သိမ်းသွင်းခံရသူမှာလည်း နောက်ဆက်တွဲအန္တရာယ်တွေကို ကြောက်ရွံ့ပြီး ငြင်းဆန်ဝံ့ခြင်းမရှိပါဘူး။

ဒါပေမဲ့ “ခွန်အားသုံးပြီး ရလာတဲ့ငြိမ်းချမ်းရေး”ဟာ စစ်မှန်တဲ့ငြိမ်းချမ်း ရေးမဟုတ်ပါဘူး။ အဲဒါဟာ နိုင်ငံ အချင်းချင်းအကြား၊ လူအချင်းချင်းအကြားက ငြိမ်းချမ်းရေးမဟုတ်ပါဘူး။ တစ်စုံတစ်ယောက်က အင်အားသုံးပြီး အနိုင်ယူခဲ့တယ်ဆိုရင် အကျိုးဆက်က ဒေါသစိတ်နဲ့ လက်တုန့်ပြန်လိုစိတ်တွေပေါက်ဖွားလာစေတာပါပဲ။ ဒီပုံစံနဲ့ ဘယ်တော့မှ ငြိမ်းချမ်းရေးမရပါဘူး။

ခရစ္စမတ်ညအဖြစ်အပျက်လေးကို ခဏပြန်ကြည့်ရအောင်။ ကောင်း ကင်တမန်တော်တွေက သတင်းစကား တစ်ခုကိုပဲ ကြေညာသွားခဲ့ပါတယ်။ အဲဒါကတော့ “မြေကြီးပေါ်၌လည်း စိတ်ကောင်း နှလုံးကောင်းရှိသူတို့အား ငြိမ်သက်ခြင်းရှိစေသတည်း”ဆိုတဲ့ သတင်း စကားပါ။

နှစ်(၂၀၀၀)ကျော်သမိုင်းကြောင်းကို ပြန်ကြည့်တဲ့အခါမှာ လူဟာ ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်နိုင် စွမ်းမရှိတာကို တွေ့ရပါတယ်။ လူတို့ဟာ စစ်ပွဲတွေအဆုံးသတ်ဖို့အတွက် စစ်ပွဲများဆင်နွှဲခဲ့ကြပါတယ်။ ပထမ ကမ္ဘာစစ်ဟာ အဲဒီပုံစံနဲ့ အစပြုခဲ့တာပါ။ အီရတ်နဲ့ ဆီးရီးယားတို့က စစ်ပွဲတွေဟာလည်း “ငြိမ်းချမ်းရေးအတွက် တိုက်ပွဲ”ဆိုပြီး အစပြုခဲ့ပါတယ်။ လွန်ခဲ့တဲ့ရာစုနှစ်(၂)ခုအတွင်းမှာ ရာပေါင်းများစွာသော စစ်ပြေငြိမ်းရေး စာချုပ်တွေ ချုပ်ဆိုခဲ့ကြပေမဲ့ နောက်ဆုံးမှာတော့ အမုန်းမီးကပဲ ဝါးမျိုသွားခဲ့ပါတယ်။

ပထမကမ္ဘာစစ်အပြီးမှာ အင်္ဂလိပ်ကဗျာဆရာ သောမတ်စ်ဟာ့ဒီက
အခုလိုရေးစပ်ခဲ့ပါတယ်။

ကျွန်ုပ်တို့ဟာ ‘ကမ္ဘာမြေပေါ်၌ ငြိမ်းချမ်းခြင်းရှိစေ သတည်း’
ဆိုတဲ့ခရစ္စမတ်သီချင်းကို သီဆိုကြ တယ်။ အဲဒီငြိမ်းချမ်းရေးကို
ရရှိဖို့အတွက် ဘုန်းတော်ကြီးတစ်သန်းလောက်ကို တောင်းဆိုခဲ့ကြတယ်။
နှစ်ပေါင်း (၂၀၀၀)လောက် မစ္ဆားတရားပူဇော်ပြီးတဲ့အခါ
ကျွန်ုပ်တို့ရရှိခဲ့တာတွေ ကတော့ အဆိပ်ဓာတ်ငွေ့၊ အဲဒီကမှ တစ်ဆင့်
အနုမြူဗုံး၊ နောက်တော့ ဟိုက်ဒရိုဂျင်ဗုံးစတာတွေပဲဖြစ်ပါတယ်။

ခရစ္စမတ်သတင်းစကားက ဘယ်လိုဖြစ်သွားရတာပါလဲ။ ငြိမ်းချမ်းခြင်း
အရှင်က ဓမ္မာနူအဲလ်အဖြစ် ဆင်းကြွ လာတဲ့အခါ ဘာကြောင့်စစ်ပွဲ
အများအပြားဖြစ်ပွားနေရတာပါလဲ။

ကမ္ဘာ့ကုလသမဂ္ဂရဲ့ ယူနက်စကိုအဖွဲ့အစည်းက “စစ်ပွဲဟာ လူတို့ရဲ့
စိတ်ထဲကနေ အစပြုခြင်းဖြစ်တယ်” လို့ဆိုထားပါတယ်။ ဗုံးဆိုတာ အတ္တနဲ့
အပြစ်တို့ရဲ့ထုတ်ကုန်ပါပဲ။ ဟေရုဒ်မင်းဟာ သူငယ်တော် အကြောင်းကြားသိ
ရတာနဲ့ “သူဟာ ငါ့ထီးနန်းလုမယ့်သူပဲ။ သူ့ကို သတ်ပစ်ရမယ်”ဆိုပြီး
စဉ်းစားခဲ့ပါတယ်။ အဲဒီမှာ လူမျိုးတုန်းသတ် ဖြတ်မှုဖြစ်ပွားခဲ့ပါတယ်။
သူဟာ ကလေးငယ်အားလုံးကို သတ်ပစ်ခဲ့တယ်။ ယေရှုသခင်အသေခံပြီးတဲ့
နောက်မှာ တောင်မှ လူပေါင်းတစ်သန်း လောက်ဟာ
ရောမလူမျိုးတွေရဲ့သတ်ဖြတ်ခြင်းခံခဲ့ကြရပါတယ်။

ကျွန်ုပ်တို့ရဲ့သေးငယ်တဲ့မြန်မာနိုင်ငံမှာ စစ်ပွဲနဲ့ အမုန်းရဲ့မျက်ရည်တွေနဲ့
စိုရွှဲနေပါပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကို ပြန်ကြည့်ရင်ပဲ
စစ်ပွဲပေါင်းများစွာဖြစ်ပွားခဲ့ပြီး လက်ရှိလည်း ဖြစ်ပွားနေဆဲပါ။ အကျိုးဆက်
အနေနဲ့က လူတွေထောင်နဲ့ချီ သင်္ဂြိုဟ်ခံခဲ့ရပြီး သန်းနဲ့ချီတဲ့လူတွေဟာ

အိုးအိမ်စွန့်ပစ်ပြီး ထွက်ပြေးနေရပါတယ်။ စစ်ပွဲကြောင့် မူးယစ်ဆေးဝါးတွေလည်း လွယ်လွယ်ကူကူရရှိနေပြီး ကျွန်ုပ်တို့ရဲ့လူငယ်လူရွယ်တွေဟာ မူးယစ်ဆေးကြောင့် စိတ် ခံတတ်ပိုင်းယိုယွင်းပျက်စီးပြီး လူသေကောင်တွေလမ်းလျှောက်နေသလို ဖြစ်နေကြပါတယ်။ စစ်ကြောင့် ကျွန်ုပ်တို့ရဲ့ သမီးငယ်များဟာလည်း ခေတ်သစ်ကျွန်စနစ်ထဲ သက်ဆင်းကြရပါတယ်။

သို့ပေမဲ့လည်း စစ်ပွဲတွေဆက်လက်ဖြစ်ပွားနေဆဲပါ။ အခုအချိန်လေး တောင်မှ ဒုက္ခသည်ထောင်ပေါင်းများ စွာဟာ သခင်ယေရှုလိုမျိုး နေစရာအိမ်မရှိကြဘဲ ဒုက္ခသည်စခန်းမှာ နေနေရပါတယ်။ သူတို့အတွက် အခြားနေစရာ နေရာမရှိကြပါဘူး။ ခရစ္စမတ်အဖြစ်အပျက်ဟာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဒုက္ခသည်စခန်း တွေမှာ ထပ်ခါထပ်ခါဖြစ်ပျက်နေပါတယ်။ ဆင်းရဲတဲ့မိသားစုတွေဟာ သွားဖို့နေရာမရှိကြဘဲ ကလေးငယ်တွေဟာ လည်း တဲကုပ်လေးတွေထဲမှာပဲ မွေးဖွားလာကြပါတယ်။ ကျွန်ုပ်တို့ရဲ့စစ်ပွဲတွေကြောင့် ထောင်နဲ့ချီတဲ့ ကျွန်ုပ်တို့ရဲ့ ညီအစ်ကိုမောင်နှမတွေ ဒုက္ခသည်စခန်းတွေမှာ အခက်အခဲမျိုးစုံကြုံနေရတဲ့အချိန် ခရစ္စမတ်ကို ကျွန်ုပ်တို့ဘယ်လို စိတ်မျိုးနဲ့ကျင်းပကြမလဲ။ သန့်ရှင်းသောအိမ်ထောင်စုလိုပဲ ကလေးငယ်တွေဟာ အဲဒီဒုက္ခသည်စခန်းတွေမှာ ဆင်း ဆင်းရဲရဲနဲ့ မွေးဖွားလာခဲ့ကြပါတယ်။

အစိုးရဘက်ကလည်း စစ်ပွဲတွေမရပ်ခဲ့ဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တိုက်ခိုက်နေ ကြဆဲပဲ။ ဒီအဖြစ်မျိုးဟာ ဒီကနေ့မှစခဲ့တာမဟုတ်ဘဲ ခမ္မဟောင်းကာလကတည်းက ဖြစ်ပျက်နေခဲ့တာပါ။ ဘုရား သခင်ဟာ တရားမျှတခြင်းနဲ့ ငြိမ်းချမ်းခြင်းအရှင်ဆိုပြီး မိမိကိုယ်ကို ဖော်ပြတော်မူခဲ့တယ်။ ကျွန်ုပ်တို့လိုပဲ ရှေးပရောဖက်တွေဟာလည်း စစ်ပွဲတွေချုပ်ငြိမ်းပြီး ငြိမ်းချမ်းတဲ့နေ့ရက်တွေကို တောင့်တနေခဲ့ကြပါတယ်။ ပရောဖက် မိက္ခာက

"ထာဝရဘုရားသည် များပြားသောလူတို့တွင် တရားစီရင်၍ ဝေးစွာနေလျက် အားကြီးသောလူမျိုးတို့ကို ဆုံးမတော်မူသဖြင့် သူတို့ဓားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှာလည်းကောင်း၊ လှံများကို တံစဉ်းဖြစ်စေခြင်းငှာလည်းကောင်း ထုလုပ်ကြလိမ့်မည်။ တစ်ပြည်ကိုတစ်ပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တစ်ဖန် မသင်ရကြ" (မိက္ခာ ၄း၃) လို့ ဟောခဲ့ပါတယ်။

အဲဒီလိုနေ့ရက်မျိုး မြန်မာနိုင်ငံမှာ ရောက်လာတော့မှာလား။ ကျွန်ုပ်တို့ရဲ့မိခင်နဲ့ ကလေးငယ်တွေဟာ စနစ်တကျ ဆေးဝါးကုသမခံရလို့ သေဆုံးနေတဲ့အချိန်၊ ကျွန်ုပ်တို့ရဲ့ကလေးတွေဟာ ပညာသင်ကြားဖို့ ထောက်ပံ့ ခြင်းမခံရလို့ မူလတန်းအရွယ်ကတည်းက ကျောင်းထွက်နေကြရတဲ့အချိန်မှာ ဘယ်သူမှ အောင်နိုင်ခြင်းမရှိတဲ့ စစ်ပွဲတွေအတွက် အစိုးဘက်ကရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဘက်ကရော စစ်လက်နက်ပစ္စည်းဘယ် လောက်ဝယ်ယူအသုံးပြုနေ ကြပါသလဲ။ ခေတ်သစ်ကျွန်စနစ်ရဲ့ဝါးမျိုမှုကို ခံနေရတဲ့ ကျွန်ုပ်တို့ရဲ့ သန်းပေါင်းများစွာ သော လူငယ်လူရွယ်တွေကို ကျွန်ုပ်တို့ဘယ်တော့ပြန်ခေါ် နိုင်မှာလဲ။ စစ်မှန်တဲ့ငြိမ်းချမ်းရေးသာရရှိလာခဲ့ရင် ကျွန်ုပ် တို့တိုင်းပြည်ခံစားရမယ့်အကျိုးကျေးဇူးတွေဟာ မနည်းလှပါဘူး။

ဓမ္မဟောင်းကာလကတည်းက ငြိမ်းချမ်းရေးအပေါ် ယုံကြည်ခြင်းမရှိတဲ့ အုပ်ချုပ်သူခေါင်းဆောင်များရှိခဲ့ပါ တယ်။ မျက်မှောက်ခေတ်မှာတောင်မှ အစိုးရတွေဟာ အကြမ်းနည်းနဲ့ပဲဖြေရှင်းနေကြတာတွေ့နေရပါတယ်။ ပရောဖက်တွေက အဲဒီလိုအစိုးရပုံစံသစ်ကို ကြိုတင်ဟောကြားခဲ့ကြပါတယ်။ ခရစ်တော်ရဲ့မွေးဖွားခြင်းဟာ ကမ္ဘာကြီးရဲ့ စစ်ပွဲတွေကို တားဆီးဖို့အတွက် ပရောဖက်ဟေရှာယက အခုလိုကြိုတင်ဟောကြားခဲ့ပါတယ်။

"အကြောင်းမူကား ငါတို့အဖို့ သူငယ်ကို ဖွားမြင်၏။ ငါတို့အား သားကို
သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။
နာမတော်ကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊

ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်
မည်။" (ဟေ ၉း၆)

ဘုရားသခင်ရဲ့အစိုးရတက်လာတဲ့အခါ ငြိမ်းချမ်းခြင်းသာ ကြီးစိုး
ပါလိမ့်မယ်။ ဒါဟာ ခရစ္စမတ်သတင်း စကားပါပဲ။ အိုယေရှုသခင်၊
ကြွလာတော်မူပါ။ အလျင်အမြန်ကြွလာတော်မူပါ။

ယေရှုသခင်ဟာ ဒေသနာတော်စတင်ဟောကြားတဲ့အချိန်မှာ
"သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေ တတ်သောသူတို့သည်
မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏
သားတော်ဟု ခေါ်ဝေါ်ခြင်း ကို ခံကြရလတ္တံ့"လို့ မိန့်ဆိုခဲ့ပါတယ်။
ဖာရိဇေဦးနဲ့ ဟေရုဒ်မင်းတို့ရဲ့တိုက်ခိုက်ခြိမ်းခြောက်မှုခံရတဲ့အချိန်မှာ ကိုယ်
တော်ရှင်ဟာ "ရန်သူကို ချစ်ပါ"လို့ မိန့်ဆိုခဲ့ပါတယ်။
လက်ဝါးကားတိုင်ထမ်းဖို့ သွားတဲ့အချိန် ကိုယ်တော်ဟာ
ဂျေရုဆလင်မြို့အတွက် ငိုကြွေးခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ
ငြိမ်းချမ်းရေးခိုင်မြဲစေတဲ့အရာတွေကို မသိရှိကြတဲ့အတွက်ကြောင့်
ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မိမိကို လက်ဝါးကားတိုင်တင်ပြီး
သတ်တဲ့သူတွေကို တောင် ခွင့်လွှတ်ခဲ့ပါတယ်။ စိတ်ထဲမှာ
အမုန်းတရားပေါက်ဖွားဖို့အတွက် ကိုယ်တော်ခွင့်မပြုခဲ့ပါဘူး။

ကမ္ဘာကြီးမှာ စိတ်ဝမ်းကွဲပြားနေခြင်းဟာ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲမှာ
ကွဲပြားနေကြလို့ပါပဲ။ "ကောင်းသော သူသည် ကောင်းသောမိမိစိတ်နှလုံး
ဘဏ္ဍာတိုက်ထဲက ကောင်းသောအရာကို ထုတ်ဖော်တတ်၏။ မကောင်းသော
သူသည် မကောင်းသောအရာကို ထုတ်ဖော်တတ်၏။ အကြောင်းမူကား

စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက် တတ်၏” (လု ၆း၄၅)
ကျွန်ုပ်ကိုယ်တိုင်ငြိမ်းချမ်းခြင်းမရှိသရွေ့ ကမ္ဘာကြီးနဲ့ ငြိမ်းချမ်းရေးရဖို့ဆိုတာ
မဖြစ်နိုင်ပါဘူး။ သူတစ်ပါးရဲ့လူ့ဂုဏ်သိက္ခာကို
ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်အဖြစ် လက်မခံသရွေ့ ပင်လုံညီလာခံဘယ်
လောက် လုပ်လုပ်၊ နိုင်ငံတကာငြိမ်းချမ်းရေးညီလာခံဘယ်လောက်ပဲလုပ်လုပ်
အကျိုးထူးခံစားရပါမလားလို့ စဉ်းစားစရာပါ။

မြန်မာနိုင်ငံမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပေါင်းများစွာ
လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တကယ်တမ်းတော့ အပစ်အခတ်ရပ်စဲခြင်း
မရှိခဲ့ပါဘူး။ သဘောတူညီချက်မကြာခဏချိုးဖောက်တာကလည်း မဆန်း
လှပါဘူး။ မာတင်လူသာကင်း(ဂျူနီယာ)က အဲဒီအကြောင်းနဲ့ပတ်သက်လို့
“စစ်မှန်တဲ့ငြိမ်းချမ်းရေးဆိုတာ တင်းမာ မှုတွေ၊ အမုန်းတရားတွေ
ကင်းမဲ့နေတာမျိုးကို ဆိုလိုတာမဟုတ်ပါဘူး။ တရားမျှတမှုရှိတယ်ဆိုရင်
စစ်မှန်တဲ့ငြိမ်း ချမ်းရေးရှိတာပါပဲ။ စစ်မှန်တဲ့ငြိမ်းချမ်းရေးရချင်တယ်ဆိုရင်
တရားမျှတမှုကင်းမဲ့စေတဲ့အရာတွေနဲ့ စစ်မီးတောင် လောင်အောင်
အစပြုပေးတဲ့အရာမှန်သမျှကို ရှာဖွေဖယ်ရှားပစ်ဖို့လိုပါတယ်”လို့
ဆိုခဲ့ပါတယ်။ အသင်းတော်က “ငြိမ်းချမ်းရေးရချင်ရင် တရားမျှတမှုကြိုးစိုးဖို့
ဆောင်ရွက်ပါ”လို့ ထပ်ခါတလဲလဲတောင်းဆိုနေပါတယ်။ ငြိမ်းချမ်းရေး
ရဖို့အတွက်ဆိုရင် ဖြောင့်မတ်ခြင်းနဲ့ တရားမျှတခြင်းဟာ မြစ်တစ်စင်းလို့
မှန်မှန်စီးဆင်းနေရပါလိမ့်မယ်။

စစ်မှန်တဲ့ငြိမ်းချမ်းရေးဟာ ကျွန်ုပ်တို့ရဲ့ရောင်စုံသက်တန့်တိုင်းပြည်က
ပြည်သူပြည်သားအားလုံးကို ညီအစ်ကိုမောင်နှမအဖြစ် လက်ခံထားပါတယ်။
လူမျိုးကြီး (၇)မျိုးနဲ့ လူမျိုးကွဲ (၁၃၅)မျိုးစလုံးဟာ တန်းတူညီမျှ
အခွင့်အရေးရှိရပါမယ်။ ဒါပေမဲ့ အင်အားကြီးတဲ့သူတွေက
လူနည်းစုတိုင်းရင်းသားတွေရဲ့သယံဇာတတွေအပေါ် စိတ်ကြိုက်လုပ်ဆောင်
ခွင့်ရှိတယ်လို့ ထင်နေကြပါတယ်။ လူနည်းစုတွေရဲ့ယဉ်ကျေးမှုနဲ့
လူမှုသမိုင်းကြောင်းတွေကို ဖျောက်ဖျက်ပစ်လို့ရတယ်လို့ ခံယူထားကြပါ

တယ်။ ကျွန်ုပ်တို့တိုင်းပြည်မှာ ပြည်သူပြည်သားအားလုံးအတွက် လုံလောက်တဲ့သယံဇာတတွေရှိနေပါတယ်။ အဲဒီအချက်ကို မေ့ထားပြီး သယံဇာတတွေကို ခရိုနီတွေ၊ ကုမ္ပဏီတွေ၊ အိမ်နီးချင်းနိုင်ငံတွေကသာ လက်ဝါးကြီးအုပ်မယ်ဆိုရင်တော့ ဘယ်တော့မှ ငြိမ်းချမ်းရေးရမှာ မဟုတ်ပါဘူး။

ကျမ်းစာတော်မြတ်ထဲမှာ ငြိမ်းချမ်းရေးအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ပဋိပက္ခကင်းမဲ့ရုံသက်သက်မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ အတူတကွချစ်ကြည်ပေါင်းသင်းနေထိုင်ခြင်း၊ တစ်လုံးတစ်ဝတည်းရှိခြင်း၊ စကြဝဠာတစ်ခုလုံးအတွက် ကျန်းမာရေးနှင့် အစစအရာရာပြည့်စုံကောင်းစားရေးကို ဖော် ဖော်ခြင်းဖြစ်ပါတယ်။ တစ်ခုတလေရှိရုံနဲ့မရဘဲ အားလုံးစုံစုံညီညီပါဝင်မှသာ ငြိမ်းချမ်းရေးရရှိတယ်လို့ ခေါ်ဆိုနိုင် မှာပါ။ ဒီနေရာတစ်ခုတည်း ငြိမ်းချမ်းနေလို့မရပါဘူး။ နေရာတိုင်းမှာ၊ နိုင်ငံတိုင်းမှာ၊ အရပ်ရပ်တိုင်းမှာ ငြိမ်းချမ်းမှ သာ စစ်မှန်တဲ့ငြိမ်းချမ်းရေးလို့ ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။

ပရောဖက်ဟေရှာယက “ဖြောင့်မတ်ခြင်းတရားသည် ငြိမ်သက်ခြင်းကို ပြုစုလိမ့်မည်”(ဟေ ၃၂း၁၇)လို့ ဟောကြားထားပါတယ်။ အတိတ်က ဘာတွေဖြစ်ခဲ့တယ်၊ အခုလက်ရှိ ဘာတွေဖြစ်နေတယ်ဆိုတာတွေကို မေ့ထားပြီး ငြိမ်းချမ်းရေးလမ်းစရှိနေသေးတယ်ဆိုတာကို ယုံကြည်ထားရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သန့်ရှင်းသော ဝိညာဉ်တော်ဟာ ကမ္ဘာလောကမှာ ငြိမ်းချမ်းရေးရှိဖို့ အစဉ်ကြိုးစားနေတဲ့အတွက်ကြောင့်ပါပဲ။ အဲဒါက ဘုရားသခင် ရဲ့အလိုတော်လည်း ဖြစ်ပါတယ်။

တည်ငြိမ်မှုမရှိတဲ့လောကထဲမှာ အချိန်တန်ရင် တရားမျှတမှုနဲ့ ငြိမ်းချမ်းခြင်းအရှင်ဖြစ်တဲ့ ဘုရားသခင် ကြီးစိုးမယ့်အကြောင်း ကျွန်ုပ်တို့ကို ကျမ်းစာတော်မြတ်က နှစ်သိမ့်ပေးထားပါတယ်။

ခရစ္စမတ်ကာလမှာ အဓိပ္ပာယ်ရှိတဲ့ငြိမ်းချမ်းရေးကိုဖော်ဆောင်ကြဖို့
အဖွဲ့အစည်းအသီးသီးကို ကျွန်ုပ် မေတ္တာရပ်ခံပါရစေ။ တစ်ချိန်တည်း
မှာလည်း ကျွန်ုပ်တို့ရဲ့အားထုတ်ကြိုးပမ်းမှုမရှိဘဲနဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူး
ဆိုတာ ကို ခရစ်ယာန်ဘာသာဝင်များနဲ့ ပြည်သူပြည်သားအပေါင်းကို
ကျွန်ုပ်သတိပေးနှိုးဆော်လိုပါတယ်။ လက်နက်ကိုင် ဖြေရှင်းနည်းဟာ
ရလဒ်ကောင်းမထွက်ပေါ်စေပါဘူး။ ယုံကြည်သူဘာသာဝင်များအနေနဲ့
ကျွန်ုပ်တို့ဟာ တောင် များကို ရွှေ့နိုင်တယ်ဆိုတာ သတိရကြပါ။
ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ခြင်းဟာ မဖြစ်မနေလုပ်ဆောင်ရ
မယ့်ကျင့်ဝတ်တစ်ခုပါပဲ။

အစိုးရသစ်၊ တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ စစ်ပွဲတွေကို
လုံးဝအဆုံးသတ်ကြမယ်လို့ ကျွန်ုပ်မျှော်လင့်နေပါတယ်။ ကျွန်ုပ်တို့ဟာ
တစ်ချိန်က ဒေသတွင်းနိုင်ငံတွေမှာ အကြွယ်ဝဆုံးနိုင်ငံ တစ်ခုပါ။ အခု
တော့ အဆင်းရဲဆုံးနိုင်ငံတွေမှာ ပါနေပါပြီ။ ဒီခရစ္စမတ်ဟာ မြန်မာနိုင်ငံမှာ
ငြိမ်းချမ်းရေးအတွက် နောက်ဆုံးအကြိမ် ဆုတောင်းရတဲ့ခရစ္စ
မတ်ဖြစ်ပါစေလို့ ကျွန်ုပ်မျှော်လင့်မိပါတယ်။ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင်
အားလုံးကို သန့်ရှင်းသော ဝိညာဉ်တော်အလင်းကျေးဇူးပေးတော်မူပါစေ။

သိုးထိန်းတွေနဲ့ မင်းသုံးပါးတို့ဟာ ဒီငြိမ်းချမ်းခြင်းသတင်းစကားကို
ရရှိခဲ့ကြပါတယ်။ အဲဒီသတင်းစကား ကို ဟေရုဒ်မင်းလည်း မကြားခဲ့ပါဘူး။
ရောမဧကရာဇ်လည်း မကြားခဲ့ပါဘူး။ အဲဒါတွေအားလုံးကို သမိုင်းက
မှတ်တမ်းတင်ထားပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့နှလုံးသားမှာ အစဉ်အမြဲပြန်
လည်ကြားယောင်နေမိတာကတော့ ကောင်းကင်တမန်တော်တွေရဲ့ တေးသီ
ကျူးသံပါပဲ။

အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေသော်
မြေကြီးပေါ်၌လည်း စိတ်ကောင်းနှလုံးကောင်းရှိသူတို့အား
ငြိမ်သက်ခြင်းရှိစေသတည်း

သာယာပျော်ရွှင်ဖွယ်ကောင်းသောခရစ္စမတ်ဖြစ်ပါစေ

သင့်ရင်တွင်း၌ ကိန်းဝပ်စံပယ်တော်မူတဲ့ခရစ်တော်ဟာ

ကျွန်ုပ်တို့အနာဂတ်ထွန်းတောက်ဖို့ မျှော်လင့်ချက်ဖြစ်ပါတယ်

ကာဒီနယ်ချားလ်စ်ဘို
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်